မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၈ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

**စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ တင်ပြမည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရေး၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများတွင် နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်အကြံပြုနိုင်ရန်အတွက် **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၉/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အရောက်** နိုင်ငံတော်သမ္မတထံသို့ တင်ပြရန် သတ်မှတ်ခဲ့ပါသည်။

၂။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်သည့် စွပ်စွဲချက်အသစ်များထပ်မံပေါ်ပေါက်လျက်ရှိရာ နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံစာတင်သွင်းရမည့်ရက်ကို ထိုကိစ္စများ ဆက်လက်စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်အချိန်အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

### နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌

အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက် စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီး အဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( GDP ) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၁.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ-
(၁) ကချင်ပြည်နယ်တွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၇. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၃ ရာခိုင်နှုန်းမှ ၂၃. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၄. ၉ ရာခိုင်နှုန်းမှ ၃၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉. ၈ ရာခိုင်နှုန်းမှ ၄၀. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၆၅,၃၀၄. ၁ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၂. ၅၁ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၇. ၄၈ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်စျေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၆,၅၉၀. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇,၇၇၅. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( Per Capita GDP ) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁,၅၃၃,၂၀၅ မှ ကျပ် ၁,၇၁၀,၅၈၂ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)

## အထွေထွေ

၅။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။　အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသား အရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ် ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။　အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။　၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။　သက်ဆိုင်ရာ ဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့်နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသောဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပူးတွဲ - ၁**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၉၉,၈၃၉. ၆** | **၂၇. ၅** | **၀. ၆** | **၁၇,၀၅၈,၆၂၄. ၅** | **၂၆. ၇** | **၄. ၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈. ၂ | ၁၉. ၂ | ၀. ၉ | ၁၁,၉၃၆,၂၆၂. ၅ | ၁၈. ၇ | ၄. ၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃. ၂ | ၈. ၂ | ၁. ၅ | ၅,၀၆၁,၇၂၆. ၆ | ၇. ၉ | ၃. ၄ |
| | ၃ | သစ်တော | ၄၅,၂၀၈. ၂ | ၀. ၁ | -၆၄. ၈ | ၆၀,၆၃၅. ၄ | ၀. ၁ | ၃၄. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၈,၄၂၂,၉၃၂. ၀** | **၃၀. ၉** | **၈. ၆** | **၂၀,၂၀၃,၁၉၁. ၃** | **၃၁. ၇** | **၉. ၇** |
| | ၁ | စွမ်းအင် | ၇၇,၁၈၂. ၅ | ၀. ၁ | -၁၂. ၇ | ၈၀,၂၂၀. ၀ | ၀. ၁ | ၃. ၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆. ၇ | ၀. ၉ | ၁. ၉ | ၅၅၄,၈၀၇. ၀ | ၀. ၉ | ၆. ၃ |
| | ၃ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇. ၁ | ၂၂. ၉ | ၉. ၄ | ၁၅,၁၆၁,၆၂၄. ၁ | ၂၃. ၈ | ၁၁. ၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၁၄,၁၁၀. ၁ | ၁. ၄ | ၁၃. ၇ | ၈၅၃,၄၀၈. ၈ | ၁. ၃ | ၄. ၈ |
| | ၅ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅. ၆ | ၅. ၆ | ၆. ၂ | ၃,၅၅၃,၁၃၁. ၄ | ၅. ၆ | ၆. ၂ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၈၅၆,၀၀၅. ၂** | **၄၁. ၆** | **၇. ၁** | **၂၆,၅၈၁,၂၂၃. ၂** | **၄၁. ၆** | **၆. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈. ၃ | ၁၂. ၈ | ၆. ၈ | ၈,၁၅၃,၆၉၃. ၆ | ၁၂. ၈ | ၇. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈. ၂ | ၄. ၇ | ၇. ၁ | ၂,၉၅၄,၅၈၅. ၃ | ၄. ၆ | ၄. ၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇. ၃ | ၀. ၄ | ၁၈. ၄ | ၂၉၅,၄၄၀. ၉ | ၀. ၄ | ၁၁. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂. ၁ | ၂. ၆ | ၄. ၃ | ၁,၆၄၁,၈၃၇. ၈ | ၂. ၆ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆. ၃ | ၂. ၇ | ၁၂. ၁ | ၁,၇၈၀,၉၅၂. ၇ | ၂. ၈ | ၁၂. ၀ |
| | ၆ | ကုန်သွယ်မှု | ၁၀,၉၈၅,၇၁၃. ၀ | ၁၈. ၄ | ၆. ၈ | ၁၁,၇၅၄,၇၁၂. ၉ | ၁၈. ၄ | ၇. ၀ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၆၇၈,၇၇၆. ၈** | **၁၀၀. ၀** | **၅. ၇** | **၆၃,၈၄၃,၀၃၉. ၀** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ - ၂**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၄,၈၂၂,၇၇၁. ၆** | **၅၈. ၄** | **၄. ၇** | **၃၇,၂၆၁,၈၁၅. ၈** | **၅၈. ၄** | **၇. ၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈. ၂ | ၁၉. ၂ | ၀. ၉ | ၁၁,၉၃၆,၂၆၂. ၅ | ၁၈. ၇ | ၄. ၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃. ၂ | ၈. ၂ | ၁. ၅ | ၅,၀၆၁,၇၂၆. ၆ | ၇. ၉ | ၃. ၄ |
| | ၃ | သစ်တော | ၄၅,၂၀၈. ၂ | ၀. ၁ | -၆၄. ၈ | ၆၀,၆၃၅. ၄ | ၀. ၁ | ၃၄. ၁ |
| | ၄ | စွမ်းအင် | ၇၇,၁၈၂. ၅ | ၀. ၁ | -၁၂. ၇ | ၈၀,၂၂၀. ၀ | ၀. ၁ | ၃. ၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆. ၇ | ၀. ၉ | ၁. ၉ | ၅၅၄,၈၀၇. ၀ | ၀. ၉ | ၆. ၃ |
| | ၆ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇. ၁ | ၂၂. ၉ | ၉. ၄ | ၁၅,၁၆၁,၆၂၄. ၁ | ၂၃. ၈ | ၁၁. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၁၄,၁၁၀. ၁ | ၁. ၄ | ၁၃. ၇ | ၈၅၃,၄၀၈. ၈ | ၁. ၃ | ၄. ၈ |
| | ၈ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅. ၆ | ၅. ၆ | ၆. ၂ | ၃,၅၅၃,၁၃၁. ၄ | ၅. ၆ | ၆. ၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃,၈၇၀,၂၉၂. ၂** | **၂၃. ၂** | **၇. ၃** | **၁၄,၈၂၆,၅၁၀. ၃** | **၂၃. ၂** | **၆. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈. ၃ | ၁၂. ၈ | ၆. ၈ | ၈,၁၅၃,၆၉၃. ၆ | ၁၂. ၈ | ၇. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈. ၂ | ၄. ၇ | ၇. ၁ | ၂,၉၅၄,၅၈၅. ၃ | ၄. ၆ | ၄. ၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇. ၃ | ၀. ၄ | ၁၈. ၄ | ၂၉၅,၄၄၀. ၉ | ၀. ၄ | ၁၁. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂. ၁ | ၂. ၆ | ၄. ၃ | ၁,၆၄၁,၈၃၇. ၈ | ၂. ၆ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆. ၃ | ၂. ၇ | ၁၂. ၁ | ၁,၇၈၀,၉၅၂. ၇ | ၂. ၈ | ၁၂. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀,၉၈၅,၇၁၃. ၀** | **၁၈. ၄** | **၆. ၈** | **၁၁,၇၅၄,၇၁၂. ၉** | **၁၈. ၄** | **၇. ၀** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၆၇၈,၇၇၆. ၈** | **၁၀၀. ၀** | **၅. ၇** | **၆၃,၈၄၃,၀၃၉. ၀** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ - ၃**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၁၂၈,၆၅၉.၂ | ၁.၉ | ၂.၃ | ၁,၁၉၆,၇၉၉.၉ | ၁.၉ | ၆.၀ |
| ၂ | ကယားပြည်နယ် | ၂၁၀,၉၁၆.၁ | ၀.၃ | ၃.၀ | ၂၁၄,၂၇၀.၄ | ၀.၃ | ၁.၆ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၉,၀၁၉.၇ | ၁.၉ | ၇.၁ | ၁,၂၁၅,၇၁၁.၄ | ၁.၉ | ၆.၇ |
| ၄ | ချင်းပြည်နယ် | ၂၄၅,၁၇၈.၄ | ၀.၄ | ၁၇.၅ | ၂၅၄,၉၂၉.၀ | ၀.၄ | ၄.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇,၂၉၄,၅၇၅.၁ | ၁၂.၂ | ၆.၈ | ၇,၈၈၉,၈၇၉.၅ | ၁၂.၄ | ၈.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၁၂၃,၈၀၀.၉ | ၃.၅ | ၄.၄ | ၂,၂၁၈,၄၈၉.၂ | ၃.၅ | ၄.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၇၈,၅၈၆.၅ | ၈.၇ | ၅.၄ | ၅,၄၉၀,၇၃၅.၉ | ၈.၆ | ၆.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၅၂၅,၅၄၃.၅ | ၉.၃ | ၃.၆ | ၅,၉၃၈,၇၆၄.၈ | ၉.၃ | ၇.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၅၂,၉၈၇.၄ | ၁၁.၃ | ၆.၇ | ၇,၂၃၇,၀၉၅.၉ | ၁၁.၃ | ၇.၂ |
| ၁၀ | မွန်ပြည်နယ် | ၂,၅၄၄,၆၅၅.၇ | ၄.၃ | ၆.၂ | ၂,၆၇၉,၇၆၀.၉ | ၄.၂ | ၅.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၁၂၂,၃၇၄.၉ | ၃.၅ | ၃.၈ | ၂,၂၀၉,၉၁၁.၅ | ၃.၅ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၄,၄၃၃,၃၈၅.၆ | ၂၄.၂ | ၇.၇ | ၁၅,၆၅၃,၇၀၈.၄ | ၂၄.၅ | ၈.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၇၃၀,၈၄၅.၅ | ၆.၃ | ၄.၆ | ၃,၉၄၅,၅၄၅.၄ | ၆.၂ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၉၅၅,၃၀၆.၅ | ၁၀.၀ | ၂.၅ | ၆,၃၃၄,၄၅၀.၄ | ၉.၉ | ၆.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၂,၉၄၁.၈ | ၂.၂ | ၄.၉ | ၁,၃၆၂,၉၈၆.၄ | ၂.၁ | ၅.၄ |

**ပူးတွဲ - ၄**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၀,၄၉၂,၉၆၃.၄** | **၂၅.၃** | **၂၁,၇၉၄,၈၈၅.၃** | **၂၃.၈** | **၆.၄** |
| | ၁ | လယ်ယာ | ၁၃,၉၅၇,၂၉၈.၀ | ၁၇.၂ | ၁၄,၇၅၁,၃၀၆.၂ | ၁၆.၁ | ၅.၇ |
| | ၂ | သားငါး | ၆,၄၈၃,၄၉၇.၇ | ၈.၀ | ၆,၉၇၀,၉၀၄.၆ | ၇.၆ | ၇.၅ |
| | ၃ | သစ်တော | ၅၂,၁၆၇.၇ | ၀.၁ | ၇၂.၆၇၄.၅ | ၀.၁ | ၃၉.၃ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၈,၃၄၇,၂၀၃.၅** | **၃၄.၉** | **၃၂,၇၅၃,၈၂၁.၇** | **၃၅.၉** | **၁၅.၅** |
| | ၁ | စွမ်းအင် | ၃,၀၇၉,၇၉၁.၇ | ၃.၈ | ၃,၀၄၄,၁၄၅.၇ | ၃.၃ | -၁.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၉,၅၇၆.၉ | ၀.၉ | ၇၂၃,၆၆၈.၁ | ၀.၈ | ၀.၆ |
| | ၃ | စက်မှုလက်မှု | ၁၈,၂၀၃,၁၅၇.၂ | ၂၂.၄ | ၂၁,၈၁၅,၅၂၆.၈ | ၂၃.၉ | ၁၉.၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၁၈၇,၁၄၉.၃ | ၁.၅ | ၁,၂၅၃,၄၇၀.၉ | ၁.၄ | ၅.၆ |
| | ၅ | ဆောက်လုပ်မှု | ၅,၁၅၇,၅၂၈.၄ | ၆.၃ | ၅,၉၁၇,၀၁၀.၂ | ၆.၅ | ၁၄.၇ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၂,၂၈၇,၈၁၆.၅** | **၃၉.၈** | **၃၆,၇၇၀,၇၂၅.၇** | **၄၀.၃** | **၁၃.၉** |
| | ၁ | ပို့ဆောင်ရေး | ၉,၀၅၈,၉၄၅.၁ | ၁၁.၂ | ၉,၉၈၂,၉၉၄.၇ | ၁၀.၉ | ၁၀.၂ |
| | ၂ | ဆက်သွယ်ရေး | ၁,၆၇၂,၉၄၈.၈ | ၂.၁ | ၁,၇၆၀,၉၉၃.၂ | ၁.၉ | ၅.၃ |
| | ၃ | ငွေရေးကြေးရေး | ၂၀၅,၃၈၃.၁ | ၀.၂ | ၂၂၈,၉၃၄.၈ | ၀.၃ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၈၀၃,၃၁၁.၇ | ၃.၄ | ၂,၉၂၈,၆၃၃.၇ | ၃.၂ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၂,၂၃၅,၇၃၁.၆ | ၂.၈ | ၂,၇၀၅,၂၄၄.၁ | ၃.၀ | ၂၁.၀ |
| | ၆ | ကုန်သွယ်မှု | ၁၆,၃၁၁,၄၉၆.၂ | ၂၀.၁ | ၁၉,၁၆၃,၉၂၅.၂ | ၂၁.၀ | ၁၇.၅ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၁,၁၂၇,၉၈၃.၄** | **၁၀၀.၀** | **၉၁,၃၁၉,၄၃၂.၇** | **၁၀၀.၀** | **၁၂.၆** |

**ပူးတွဲ - ၅**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၈,၈၄၀,၁၆၆. ၉** | **၆၀. ၂** | **၅၄,၅၄၈,၇၀၇. ၀** | **၅၉. ၇** | **၁၁. ၇** |
| | ၁ | လယ်ယာ | ၁၃,၉၅၇,၂၉၈. ၀ | ၁၇. ၂ | ၁၄,၇၅၁,၃၀၆. ၂ | ၁၆. ၁ | ၅. ၇ |
| | ၂ | သားငါး | ၆,၄၈၃,၄၉၇. ၇ | ၈. ၀ | ၆,၉၇၀,၉၀၄. ၆ | ၇. ၆ | ၇. ၅ |
| | ၃ | သစ်တော | ၅၂,၁၆၇. ၇ | ၀. ၁ | ၇၂,၆၇၄. ၅ | ၀. ၁ | ၃၉. ၃ |
| | ၄ | စွမ်းအင် | ၃,၀၇၉,၇၉၁. ၇ | ၃. ၈ | ၃,၀၄၄,၁၄၅. ၇ | ၃. ၃ | -၁. ၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၉,၅၇၆. ၉ | ၀. ၉ | ၇၂၃,၆၆၈. ၁ | ၀. ၈ | ၀. ၆ |
| | ၆ | စက်မှုလက်မှု | ၁၈,၂၀၃,၁၅၇. ၂ | ၂၂. ၄ | ၂၁,၈၁၅,၅၂၆. ၈ | ၂၃. ၉ | ၁၉. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၁၈၇,၁၄၉. ၃ | ၁. ၅ | ၁,၂၅၃,၄၇၀. ၉ | ၁. ၄ | ၅. ၆ |
| | ၈ | ဆောက်လုပ်မှု | ၅,၁၅၇,၅၂၈. ၄ | ၆. ၃ | ၅,၉၁၇,၀၁၀. ၂ | ၆. ၅ | ၁၄. ၇ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၅,၉၇၆,၃၂၀. ၃** | **၁၉. ၇** | **၁၇,၆၀၆,၈၀၀. ၅** | **၁၉. ၃** | **၁၀. ၂** |
| | ၁ | ပို့ဆောင်ရေး | ၉,၀၅၈,၉၄၅. ၁ | ၁၁. ၂ | ၉,၉၈၂,၉၉၄. ၇ | ၁၀. ၉ | ၁၀. ၂ |
| | ၂ | ဆက်သွယ်ရေး | ၁,၆၇၂,၉၄၈. ၈ | ၂. ၁ | ၁,၇၆၀,၉၉၃. ၂ | ၁. ၉ | ၅. ၃ |
| | ၃ | ငွေရေးကြေးရေး | ၂၀၅,၃၈၃. ၁ | ၀. ၂ | ၂၂၈,၉၃၄. ၈ | ၀. ၃ | ၁၁. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၈၀၃,၃၁၁. ၇ | ၃. ၄ | ၂,၉၂၈,၆၃၃. ၇ | ၃. ၂ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၂,၂၃၅,၇၃၁. ၆ | ၂. ၈ | ၂,၇၀၅,၂၄၄. ၁ | ၃. ၀ | ၂၁. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၆,၃၁၁,၄၉၆. ၂** | **၂၀. ၁** | **၁၉,၁၆၃,၉၂၅. ၂** | **၂၁. ၀** | **၁၇. ၅** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၁,၁၂၇,၉၈၃. ၄** | **၁၀၀. ၀** | **၉၁,၃၁၉,၄၃၂. ၇** | **၁၀၀. ၀** | **၁၂. ၆** |

ပူးတွဲ - ၆

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၃၂,၆၃၈.၇ | ၁.၉ | ၁,၆၅၃,၉၆၂.၇ | ၁.၈ | ၇.၉ |
| ၂ | ကယားပြည်နယ် | ၂၇၈,၇၁၁.၇ | ၀.၃ | ၃၀၁,၉၉၁.၅ | ၀.၃ | ၈.၄ |
| ၃ | ကရင်ပြည်နယ် | ၁,၄၇၂,၃၅၉.၆ | ၁.၈ | ၁,၆၅၅,၆၀၃.၉ | ၁.၈ | ၁၂.၄ |
| ၄ | ချင်းပြည်နယ် | ၃၅၅,၈၂၁.၂ | ၀.၄ | ၃၉၃,၂၀၁.၄ | ၀.၄ | ၁၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၄၉၇,၂၁၃.၈ | ၁၁.၇ | ၁၀,၈၂၁,၂၁၁.၈ | ၁၁.၉ | ၁၃.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၉၄,၁၄၁.၉ | ၄.၂ | ၃,၆၄၇,၂၄၉.၂ | ၄.၀ | ၇.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၇၁၉,၃၇၆.၂ | ၈.၃ | ၇,၅၁၅,၇၂၄.၅ | ၈.၂ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၃၁၃,၉၉၁.၆ | ၉.၀ | ၈,၂၅၆,၄၈၂.၈ | ၉.၀ | ၁၂.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈,၅၈၄,၃၁၂.၀ | ၁၀.၆ | ၉,၇၅၉,၉၇၇.၇ | ၁၀.၇ | ၁၃.၇ |
| ၁၀ | မွန်ပြည်နယ် | ၃,၂၃၅,၈၂၈.၁ | ၄.၀ | ၃,၅၉၃,၂၆၈.၈ | ၃.၉ | ၁၁.၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၇၁၈,၁၁၉.၃ | ၄.၆ | ၃,၉၈၇,၃၇၀.၂ | ၄.၄ | ၇.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉,၂၈၃,၂၀၂.၃ | ၂၃.၈ | ၂၂,၄၀၀,၉၆၄.၁ | ၂၄.၅ | ၁၆.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၈၇၇,၉၈၀.၇ | ၆.၀ | ၅,၄၂၂,၁၁၀.၅ | ၆.၀ | ၁၁.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၁၃၄,၇၉၃.၀ | ၁၁.၃ | ၁၀,၀၃၀,၂၆၃.၆ | ၁၁.၀ | ၉.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၇၂၉,၂၉၃.၃ | ၂.၁ | ၁,၈၈၀,၀၅၀.၀ | ၂.၁ | ၈.၇ |

ပူးတွဲ - ၇

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၃၁၂,၃၆၀. ၆ | ၂၃. ၆၃ | ၆,၂၉၀,၆၆၃. ၀ | ၂၂. ၅၁ |
| ၂ | သမဝါယမပိုင် | ၃,၃၅၈. ၅ | ၀. ၀၁ | ၃,၅၀၂. ၃ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၀,၃၉၇,၆၃၅. ၇ | ၇၆. ၃၆ | ၂၁,၆၅၇,၀၈၆. ၃ | ၇၇. ၄၈ |
| | **စုစုပေါင်း** | **၂၆,၇၁၃,၃၅၄. ၈** | **၁၀၀. ၀၀** | **၂၇,၉၅၁,၂၅၁. ၆** | **၁၀၀. ၀၀** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးလှသိန်း | ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးရယ် | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးထွန်းခင် | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (င) | ဦးလှတင့် | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (စ) | ဦးစိန်ဝင်း | ဥက္ကဋ္ဌ၊ ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဆ) | ဦးလျန်အုပ် | ဥက္ကဋ္ဌ၊ ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဇ) | ဦးတင်ဦး | ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းမောင် | ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ည) | ဦးသိန်းထွန်းအေး | ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဋ) | ဦးစိန်မောင် | ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဌ) | ဦးရဲမြင့် | ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဍ) | ဦးစိုင်းထွန်းမြ | ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဎ) | ဦးလှသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဏ) | ဦးဝင်းထိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (တ) | ဦးစိုင်းအောင်မြင့်ခိုင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (ထ) | ဦးစိုင်းဖိုးမြတ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဒ) | ဦးအောင်ဖြိုးကျော် | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (ဓ) | ဦးစိုးလင်းဟန် | ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒေါ်ဆွေဆွေနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးကိုကိုနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဦးအေးလွင် | ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဦးမျိုးညွန့် | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဦးမြင့်သိန်းထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (မ) | ဦးတင်ထွန်း | အတွင်းရေးမှူး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အတွင်းရေးမှူး |
| (ယ) | ဦးဇေယျဇော် | ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်အား ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်ကလည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကလည်းကောင်း ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား တင်ပြလာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးခြင်း ကာလအတွင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ အဆင့်ဆင့်က တင်ပြလာသည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား မှတ်တမ်းတင် ထားရှိခြင်း။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

## ကယားပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ကယားပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိန်ဝင်း | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးတင်မြင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးကံကြီး | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဦးစိုးမြင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်လှစေးဖော | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးမိုးဇော်လင်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၇) | ဦးဝင်းနိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | ဦးထွန်းရီ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၉) | Dr.ခင်မောင်ရင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးသိန်းဇော် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်မြင့်မြင့်အေး | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်ရုံး) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်သူ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဦးမျိုးခန့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်စိုးစိုးထွန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးငွေးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဖိုးရယ် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | အဖွဲ့ဝင် |
| (၁၇) | ဦးစိုးထွန်း | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းခမ်းဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးခင်မောင်ငွေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးကျော်ဆန်းဝင်း | အတွင်းရေးမှူး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ | အတွင်းရေးမှူး |

၂။ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကဖြစ်စေ၊ သက်ဆိုင်ရာ ဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကဖြစ်စေ တင်ပြလာသည့် ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက် အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင် ထားရှိခြင်း။

၃။ ကယားပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၁) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) လွိုင်ကော်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ဝင်း | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးညွန့်တင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးတင့်လွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးညွန့်ရီ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးအောင်ကျော်ဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၇) | Dr.ရန်နိုင်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၈) | ဒေါ်မြင့်သောင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဦးစောအယ်ဒိုဝါး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ရီရီနွဲ့ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၁) | ဦးကျော်ကျော် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၂) | ဒေါ်နေမျိုးပိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၃) | ဦးစောနေခလီး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၄) | ဦးဖြိုးကျော်စွာ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဦးမျိုးမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစောပိုလေး | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်နိုင်လင်း | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်မြင့်သန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးမြင့်အောင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးညီညီမင်း | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး အရာရှိ | |

၄။ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလအတွင်း အဆင်ပြေချောမွေ့စွာ မဲဆွယ်စည်းရုံးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ၊ ယင်းမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် တွေ့ဆုံညှိနှိုင်း သတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက်ရရှိရန် လိုအပ်သည့်ကိစ္စရပ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမည့် အချိန်ဇယားပါအတိုင်း လုံခြုံရေးဆောင်ရွက်ပေးနိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဇ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(စျ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(ည) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက် အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဍ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တင်ပြခြင်း၊

(ဎ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုစေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၅။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ (၁) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ဖရူဆိုမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးလွီးဇီထျရု | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးလွီးဇီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးမောအီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအောင်ရွှေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဖီဒေးလယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစောမြင့်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမျိုးသန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | Dr.ကောင်းမြတ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၉) | ဦးဖိုးလုံး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးစိုးပိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးမိုးသူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၂) | ဦးဂျိုးဇက်သန်းကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ရီရီခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၄) | ဦးဇော်မင်းသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၅) | ဦးထွန်းထွန်းလင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၁၆) | ဦးစောဘွေဒို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးနဲနယ်ဟင်နရီ | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | အဖွဲ့ဝင် |
| (၁၈) | ဒေါ်အဲစတယ် | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးလေအိုးနယ်ဒီးဒီ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးသန်းစိန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၁) | ဦးဂျိုဝါးနီနဲနယ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးမီရယ်နဲဒူ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးကေကောရီယို | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစက်တင်ဦး | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဦးအက်ဒွက် | ဒုတိယဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

၆။ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလအတွင်း အဆင်ပြေချောမွေ့စွာ မဲဆွယ်စည်းရုံးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် တွေ့ဆုံညှိနှိုင်းသတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက်ရရှိရန် လိုအပ်သည့်ကိစ္စရပ်များကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမည့် အချိန်ဇယားပါ အတိုင်း လုံခြုံရေး ဆောင်ရွက်ပေးနိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် တိုင်ကြားလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဇ) ရွေးကောက်ပွဲနေ့ မဲရုံများ၌ ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အမြန်ဆုံးစေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဈ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေတစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(ည) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက် အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၄) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တင်ပြခြင်း၊

(၅) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

## ချင်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက် ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ချင်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးလျန်အုပ် | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးလာလ်ကုန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးကျုံးကျဲမ်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးထပ်မန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဒင်လျန် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဇေယျ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၇) | ဦးမြင့်အောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၈) | ဒေါ်မြင့်မြင့်စန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၉) | ဦးယဉ်ထွေး | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၁၀) | ဦးကြည်လွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၁) | ဦးသိန်းဆောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
(ဆ) ရွေးကောက်ပွဲနေ့တွင် တိုင်ကြားလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဇ) ရွေးကောက်ပွဲနေ့ မဲရုံများ၌ ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အမြန်ဆုံးစေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း၊

(ဈ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေတစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(ည) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီသို့ တင်ပြခြင်း၊

(ဌ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

### ရခိုင်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ရခိုင်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိန်မောင် | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်လှ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးမောင်ဖြူ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစံသိန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဝင်းလွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

(လဝက)

| | | | |
|---|---|---|---|
| (၆) | Dr.သောင်းလှိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၇) | ဦးစောမြ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၈) | ဦးအောင်ကျော်ထွန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၉) | ဦးမောင်ညို | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၀) | ဦးသက်ထွန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၁) | ဦးမြသက်မောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၁၂) | ဦးတိုးဝေ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးစန်းလွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်အေးနုစိန် | ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးစောလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးသန်းရွှေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၈) | ဦးရွှေကျော်သာ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးတင်အောင်ဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးသန်းထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးသူရိန်ထွဋ် | အတွင်းရေးမှူး၊ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၂) | ဦးအေးကျော် | ဦးစီးအရာရှိ၊ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကဖြစ်စေ၊ သက်ဆိုင်ရာ ဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကဖြစ်စေ တင်ပြလာသည့် ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက် အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင် ထားရှိခြင်း။

၃။ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၁) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ကျောက်ဖြူခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်မြတ်ထွန်း | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးငွေသိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဘထွေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးလှထွန်းအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးထွန်းကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဖြိုးအောင်ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၇) | ဒေါ်ခင်ထွေးဖက်မော် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၈) | ဦးသန်းဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၉) | ဦးခင်မောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၀) | ဦးတင်သိန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးဘဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်မိုးဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၃) | ဦးရဲလွင်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ခင်ယုယုနွယ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးရန်မျိုးအောင် | ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးမြလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးချက်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးသန်းလွင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးသံခဲ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးဘခင်ဖြူ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးဌေးအောင်ခိုင် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၂) | ဒေါ်ခင်မြတ်ဌေး | ဒုတိယဦးစီးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

၄။ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလအတွင်း အဆင်ပြေချောမွေ့စွာ မဲဆွယ်စည်းရုံးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ၊ ယင်းမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် တွေ့ဆုံညှိနှိုင်း သတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက်ရရှိရန် လိုအပ်သည့်ကိစ္စရပ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမည့် အချိန်ဇယားပါအတိုင်း လုံခြုံရေးဆောင်ရွက်ပေးနိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဇ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာ ဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဈ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(ည) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက် အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တင်ပြခြင်း၊

(ဌ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုစေ့စပ်ညှိနှိုင်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၅။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ကော်မတီ (၁) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) အမ်းမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသာညွန့် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမြစိန်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးတင်အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးသိန်းလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကျော်မျိုးသက် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်ငြိမ်းထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေအုပ်) | အဖွဲ့ဝင် |
| (၈) | ဦးနိုင်ဦးမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၉) | ဦးသင်းလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) | Dr.တင်အောင်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးလုံးမောင်သိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၂) | ဦးဖော်ဖော်ဆန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်စောရွှေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၄) | ဦးထင်ကျော်သူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဒေါ်ခင်စိုးလေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၆) | ဦးဇော်မင်း | ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးခင်သောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်ရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဟန်မင်းလှိုင် | တစ်သီးပုဂ္ဂလ၊ ဦးဇော်လင်းအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၂၀) | ဦးတင်နု | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးမျိုးမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးသန်းထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးထွန်းတင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးခိုင်မျိုးလင်း | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဦးငြိမ်းထိုက်အောင် | ဒုတိယဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

၆။ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ( Code of Conduct ) ကို လေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလအတွင်း အဆင်ပြေချောမွေ့စွာ မဲဆွယ်စည်းရုံးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် တွေ့ဆုံညှိနှိုင်း သတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက် ရရှိရန် လိုအပ်သည့်ကိစ္စရပ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမည့် အချိန်ဇယားပါ အတိုင်း လုံခြုံရေး ဆောင်ရွက်ပေးနိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် တိုင်ကြားလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဇ) ရွေးကောက်ပွဲနေ့ မဲရုံများ၌ ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အမြန်ဆုံးစေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဈ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေတစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(ည) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီသို့ တင်ပြခြင်း၊

(ဌ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၀၃၀/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဒုညွှန်/ ခရိုင်မှူးတိုး)/၂၀၁၆ (၁၃၈၁၅) အရ အခြေခံပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ပညာရေးမှူးရုံးများ၏ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးရာထူးသို့ တိုးမြှင့်ပြောင်းရွှေ့ ခန့်ထားခြင်းခံရသော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ယှဉ်တွဲပါနေ့ရက်များတွင် စတင်ထမ်းဆောင်သည်-

| **စဉ် အမည်** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန** | **တာဝန်ထမ်းဆောင်သည့်နေ့ (နံနက်ပိုင်း)** |
|---|---|---|
| ၁။ ဦးဖြူဝင်း | ဒုတိယညွှန်ကြားရေးမှူး<br>(စီမံကိန်းများကြီးကြပ်အကဲဖြတ်)<br>ပြည်နယ်ပညာရေးမှူးရုံး<br>မွန်ပြည်နယ် | ၁၂-၁၂-၂၀၁၆ |
| ၂။ ဒေါ်မြင့်မြင့်ဌေး | ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)<br>တိုင်းဒေသကြီးပညာရေးမှူးရုံး<br>ပဲခူးတိုင်းဒေသကြီး | ၉-၁၂-၂၀၁၆ |

| စဉ် အမည် | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန | တာဝန်ထမ်းဆောင် သည့်နေ့ (နံနက်ပိုင်း) |
|---|---|---|
| ၃။ ဦးငြိမ်းမြင့် | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး ရမည်းသင်းခရိုင်၊ မန္တလေးတိုင်းဒေသကြီး | ၁၄-၁၂-၂၀၁၆ |
| ၄။ ဦးကိုကိုနိုင် | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄-၁၂-၂၀၁၆ |
| ၅။ ဒေါ်အေးအေးဝင်း | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းစာရင်းအင်း) တိုင်းဒေသကြီးပညာရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး | ၉-၁၂-၂၀၁၆ |
| ၆။ ဒေါ်ခင်ဝင်း | ဒုတိယညွှန်ကြားရေးမှူး(ပညာ) တိုင်းဒေသကြီးပညာရေးမှူးရုံး ပဲခူးတိုင်းဒေသကြီး | ၁၃-၁၂-၂၀၁၆ |
| ၇။ ဒေါ်အေးအေးမြတ် | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး စစ်ကိုင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၁၂-၁၂-၂၀၁၆ |
| ၈။ ဒေါ်သန်းသန်းဌေး | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းများကြီးကြပ်အကဲဖြတ်) တိုင်းဒေသကြီးပညာရေးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး | ၁၅-၁၂-၂၀၁၆ |
| ၉။ ဦးခင်မောင်ဝင်း | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး မြောင်းမြခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး | ၉-၁၂-၂၀၁၆ |
| ၁၀။ ဒေါ်အေးကြိုင် | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး | ၉-၁၂-၂၀၁၆ |
| ၁၁။ ဒေါက်တာဥမ္မာသန်း | ဒုတိယညွှန်ကြားရေးမှူး (စီမံ/ကြီးကြပ်/အကဲဖြတ်) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော် | ၁၂-၁၂-၂၀၁၆ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၃၂/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါစာအမှတ်၊ ၁/၁-၄/၂၀၁၇ (၀၄၅/၀၄၆) တို့အရ ပညာရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါအရာထမ်း (၇) ဦးအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော ယှဉ်တွဲပါ လစာနှုန်းတူရာထူးနေရာများသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်-

| စဉ် အမည် | လက်ရှိရာထူး/လစာနှုန်း/ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| (၁) ဒေါက်တာ ဖြူဖြူသန်း | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဝန်ကြီးရုံး (သိပ္ပံနှင့်နည်းပညာ) ပညာရေးဝန်ကြီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (၂) | ဦးသန်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ဝန်ကြီးရုံး (ပညာရေး)<br>ပညာရေးဝန်ကြီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်<br>စောင့်ရှောက်ရေးဦးစီးဌာန |
| (၃) | ဦးစိုးမြင့်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>(ယခင်အဏုမြူစွမ်းအင်ဦးစီးဌာန)<br>ပညာရေးဝန်ကြီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေး<br>နှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |
| (၄) | ဒေါ်သန္တာလင်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>(ယခင်အဏုမြူစွမ်းအင်ဦးစီးဌာန)<br>ပညာရေးဝန်ကြီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (၅) | ဒေါက်တာခင်စန္ဒာဝင်း | လ/ထသုတေသနမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>(ယခင်အဏုမြူစွမ်းအင်ဦးစီးဌာန)<br>ပညာရေးဝန်ကြီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန |
| (၆) | ဒေါ်နီနီလင်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>(သိပ္ပံနှင့်နည်းပညာ)<br>ပညာရေးဝန်ကြီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |
| (၇) | ဒေါ်မင်းမင်းသာ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>(သိပ္ပံနှင့်နည်းပညာ)<br>ပညာရေးဝန်ကြီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု<br>ဦးစီးဌာန |

# (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

အမှတ် ၁။ ။ **"ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ"** အား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

**"ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ"**

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(ပညာရေး) | အတွင်းရေးမှူး |

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ကယားပြည်နယ်**အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဦးကျော်ဇင်လတ် | ၉/စကတ (နိုင်) ၀၈၄၅၄၁ | ဒီးမော့ဆိုမြို့နယ် |
| (၂) | ဦးစက်တင်ဦး | ၂/ဖရဆ (နိုင်) ၀၁၇၈၁၇ | ဖရူဆိုမြို့နယ် |
| (၃) | ဒေါ်နှင်းဝေအောင် | ၁၂/ရပသ (နိုင်) ၀၁၆၄၉၃ | ရှားတောမြို့နယ် |
| (၄) | ဦးအောင်သဲဦး | ၂/ဒမဆ (နိုင်) ၀၆၁၀၅၁ | လွိုင်ကော်မြို့နယ် |
| (၅) | ဒေါ်ခင်သန္တာမြင့် | ၉/ခအဇ (နိုင်) ၀၂၉၅၁၄ | ဖားဆောင်းမြို့နယ် |
| (၆) | ဒေါ်နန်းမဥ္စမင်း | ၂/ဒမဆ (နိုင်) ၀၄၉၈၂၆ | ဘောလခဲမြို့နယ် |

### အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၆

**ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ကရင်ပြည်နယ်**အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဒေါ်နှင်းယုလွင် | ၃/ဘအန (နိုင်) ၂၇၁၈၃၅ | ကော့ကရိတ်မြို့နယ် |
| (၂) | ဒေါ်မာမာမိုး | ၈/နမန (နိုင်) ၁၃၃၇၃၇ | ကြာအင်းဆိပ်ကြီးမြို့နယ် |
| (၃) | ဦးစောထက်လင်းဦး | ၃/ဘအန (နိုင်) ၂၂၅၅၅၅ | ဘားအံမြို့နယ် |
| (၄) | ဒေါ်အိသဥ္စာအောင် | ၃/ဘအန (နိုင်) ၂၆၆၀၀၇ | လှိုင်းဘွဲ့မြို့နယ် |
| (၅) | ဒေါ်နော်ဆိုဖီယာစံ | ၃/သတန (နိုင်) ၀၂၆၅၃၃ | သံတောင်ကြီးမြို့နယ် |
| (၆) | ဒေါ်မြတ်သန္တာထက် | ၃/မဝတ (နိုင်) ၀၂၈၈၇၁ | မြဝတီမြို့နယ် |

## အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၁၆
## ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး နေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **စစ်ကိုင်းတိုင်းဒေသကြီး**အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဒေါ်မေသဇင်ဖူး | ၅/ကလထ (နိုင်) ၁၈၀၀၆၇ | ကလေးမြို့နယ် |
| (၂) | ဒေါ်ဘိုသူထက် | ၅/မရန (နိုင်) ၂၈၃၇၂၆ | ကလေးဝမြို့နယ် |
| (၃) | ဒေါ်ဇာဇာမြင့် | ၅/ဆလက (နိုင်) ၀၆၅၉၅၈ | မင်းကင်းမြို့နယ် |
| (၄) | ဒေါ်ယဉ်မွန်ဖိုး | ၉/တသန (နိုင်) ၁၂၈၆၅၇ | ကသာမြို့နယ် |
| (၅) | ဒေါ်ချစ်စုလှိုင် | ၅/ကလတ (နိုင်) ၁၀၂၁၅၁ | ကောလင်းမြို့နယ် |
| (၆) | ဒေါ်သတိုးနွယ်မင်းသီရိနိုင် | ၁၃/တကန (နိုင်) ၂၄၂၀၅၅ | ထီးချိုင့်မြို့နယ် |
| (၇) | ဒေါ်မေသဇင်စိုး | ၈/ရနခ (နိုင်) ၁၃၁၁၆၁ | ဗန်းမောက်မြို့နယ် |
| (၈) | ဒေါ်နွဲ့နွဲ့ထွေး | ၅/ကဘလ (နိုင်) ၁၈၆၀၀၄ | ပင်လည်ဘူးမြို့နယ် |
| (၉) | ဒေါ်ခိုင်ခင်ကို | ၉/စကတ (နိုင်) ၀၉၀၅၈၂ | ဝန်းသိုမြို့နယ် |
| (၁၀) | ဒေါ်ငြိမ်းအေးမြင့်အောင် | ၅/ဆလက (နိုင်) ၀၄၇၅၃၉ | အင်းတော်မြို့နယ် |
| (၁၁) | ဦးဇော်ထွန်းနိုင် | ၅/ခတန (နိုင်) ၀၁၂၁၆၅ | ခန္တီးမြို့နယ် |
| (၁၂) | ဦးချစ်စမ်းကျော် | ၅/မရန (နိုင်) ၂၇၁၀၃၁ | ခန္တီးမြို့နယ် |
| (၁၃) | ဒေါ်နန်းဆိုင်ခမ်းနွန် | ၅/ဟမလ (နိုင်) ၀၈၅၀၅၀ | ဟုမ္မလင်းမြို့နယ် |
| (၁၄) | ဦးမျိုးကျော် | ၅/မရန (နိုင်) ၂၆၁၆၃၄ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၁၅) | ဦးဘုန်းမြင့် | ၉/သပက (နိုင်) ၀၈၂၅၃၃ | နန်းယွန်းမြို့နယ် |
| (၁၆) | ဦးအောင်ရဲကို | ၈/ပခက (နိုင်) ၂၆၆၇၅၆ | လဟယ်မြို့နယ် |
| (၁၇) | ဦးဖြိုးဝေကျော် | ၅/ကသန (နိုင်) ၀၆၅၁၇၉ | လေရှီးမြို့နယ် |
| (၁၈) | ဒေါ်စိုးမြသီတာ | ၉/မဟမ (နိုင်) ၀၂၉၅၈၀ | တမူးမြို့နယ် |
| (၁၉) | ဒေါ်သက်ဆုရည် | ၁/ဗမန (နိုင်) ၀၆၀၃၁၈ | ဘုတလင်မြို့နယ် |
| (၂၀) | ဦးကြည်ထက်အောင် | ၅/ကဘလ (နိုင်) ၁၆၂၇၀၀ | မုံရွာမြို့နယ် |
| (၂၁) | ဒေါ်ကြည်ကြည်ခိုင် | ၅/မရန (နိုင်) ၂၄၅၈၇၄ | အရာတော်မြို့နယ် |
| (၂၂) | ဒေါ်သက်ထားအောင် | ၅/ယမပ (နိုင်) ၀၆၆၇၁၆ | ကနီမြို့နယ် |
| (၂၃) | ဒေါ်စံမြပွင့် | ၉/မရတ (နိုင်) ၁၂၆၆၀၈ | ဆားလင်းကြီးမြို့နယ် |
| (၂၄) | ဒေါ်ခင်ခင်ဆွေ | ၅/ပလန (နိုင်) ၀၈၂၆၉၄ | ပုလဲမြို့နယ် |
| (၂၅) | ဦးအောင်ခိုင်ဇော် | ၉/ကဆန (နိုင်) ၁၁၈၅၂၀ | မော်လိုက်ခရိုင် |
| (၂၆) | ဒေါ်လှဲ့လှဲ့ဦး | ၅/မရန (နိုင်) ၂၄၆၀၀၅ | ဖောင်းပြင်မြို့နယ် |
| (၂၇) | ဒေါ်သူဇာမြင့် | ၅/မကန (နိုင်) ၀၆၁၇၀၈ | မော်လိုက်ခရိုင် |
| (၂၈) | ဒေါ်ခင်စန်းလှိုင် | ၅/ဒပယ (နိုင်) ၀၈၆၂၉၁ | ဒီပဲယင်းမြို့နယ် |
| (၂၉) | ဒေါ်ဝါဝါထွန်း | ၅/ဝလန (နိုင်) ၁၅၄၉၄၈ | ဝက်လက်မြို့နယ် |
| (၃၀) | ဒေါ်စုမာခိုင် | ၅/ကဘလ (နိုင်) ၁၇၄၄၁၂ | ကန့်ဘလူမြို့နယ် |
| (၃၁) | ဒေါ်ရွှေရည်ဝင်းအိ | ၅/ရဘန (နိုင်) ၁၈၁၀၇၃ | ကျွန်းလှမြို့နယ် |
| (၃၂) | ဒေါ်သန္တာစိုး | ၉/မဟမ (နိုင်) ၀၄၄၅၅၄ | တန့်ဆည်မြို့နယ် |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

**ကျောက်စိမ်းသခင် ကျောက်မျက် ကုမ္ပဏီလီမိတက်**
**(Kyauk Sane Master Gems Company Limited)**

၁။ **ကျောက်စိမ်းသခင် ကျောက်မျက် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၂-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B. Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၇-၃-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်စန်းမာဦး
မန်နေးဂျင်းဒါရိုက်တာ
ကျောက်စိမ်းသခင် ကျောက်မျက် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁ -၅၀၇၁၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

**ကျောက်စိမ်းရတနာဝေ ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(Kyauk Sane Yadanar Wai Gems Company Limited)**

၁။ **ကျောက်စိမ်းရတနာဝေ ကျောက်မျက် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၂-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B. Com, C.P.A)** အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၆-၃-၂၀၁၇) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ချိုနွယ်
မန်နေးဂျင်းဒါရိုက်တာ
ကျောက်စိမ်းရတနာဝေ ကျောက်မျက် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁ -၅၀၇၁၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

**မနောအောင်လံ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်**

**(Manaw Aung Lan Gems & Jewellery Company Limited)**

၁။ **မနောအောင်လံ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၂-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B. Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၇-၃-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးညီညီ
မန်နေးဂျင်းဒါရိုက်တာ
မနောအောင်လံ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁ -၅၀၇၁၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

**ရွှေစင်ရွှေသား ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(Shwe Sin Shwe Thar Gems Company Limited)**

၁။ **ရွှေစင်ရွှေသား ကျောက်မျက် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၂-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B. Com, C.P.A)**၊ အမှတ် (၁၉၆/၁)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၆-၃-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ခိုင်ခင်ဦး | ဒေါ်ညွန့်မေ |
| မန်နေးဂျင်းဒါရိုက်တာ | (B. Com, C.P.A) |
| ရွှေစင်ရွှေသား ကျောက်မျက် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁ -၅၀၇၁၁၇ |

**ပုံရိပ် ဖျော်ဖြေရေး လုပ်ငန်းစု လီမိတက်**

**(IMAGE ENTERTAINMENT HOLDING LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ပုံရိပ် ဖျော်ဖြေရေး လုပ်ငန်းစု လီမိတက် (IMAGE ENTERTAINMENT HOLDING LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့၊ နေ့လယ် (၃း၃၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာမိုး အတိုင်ပင်ခံလုပ်ငန်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Myanmar Mo Consulting Services Company Limited)**

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာမိုး အတိုင်ပင်ခံလုပ်ငန်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (Myanmar Mo Consulting Services Company Limited)** အား (၂၄. ၁. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ **ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း** ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန့်စင်မိုး
ဒါရိုက်တာ
Myanmar Mo Consulting
Services Co., Ltd.

ဒေါ်နွဲ့ယဉ်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာမိုး ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(Myanmar Mo Trading Company Limited)**

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာမိုး ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Myanmar Mo Trading Company Limited)** အား (၂၄. ၁. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ **ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း** ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန့်စင်မိုး
ဒါရိုက်တာ
Myanmar Mo Trading Co., Ltd.

ဒေါ်နွဲ့ယဉ်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဂျေစီအယ် (လ်) လော့ဂျစ် (စ်) တစ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

**(JCL Logistic International Company Limited)**

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

(၂၄-၁-၂၀၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဂျေစီအယ် (လ်) လော့ဂျစ် (စ်) တစ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (JCL Logistic International Company Limited)** အား (၂၄. ၁. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ **ရရန်နှင့်ပေးရန်ရှိသည်များကို ကြော်ငြာပါသည့်နေ့မှ တစ်လအတွင်း** ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နေခြည်အောင်မျိုး (ခ) ဒေါ်အားရွှေ
အုပ်ချုပ်မှုဒါရိုက်တာ
JCL Logistic International Co., Ltd.

ဒေါ်နွဲ့ယဉ်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Kundra & Bansal and Acupro Consulting Private Ltd.**

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးစိန်ဝင်း Top Sein Win & Associate Consulting Ltd. အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှ စ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၄-၃-၂၀၁၇) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

Mr. Manshul Mittal
မန်နေးဂျင်းဒါရိုက်တာ
Kundra & Bansal and Acupro Consulting Private Ltd.
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ဝင်း (B.Com, R.A, C.P.A )
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Ltd.
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

**Golden Faith Trading Company Limited**

၁။ **Golden Faith Trading Company Limited** ကိုအစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၆-၂-၂၀၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသန်းအောင် [B. Com (Q), C.P.A , D.C.Sc]၊ တိုက် (သစ်)၊ (၂)၊ အခန်း (၄)၊ ဖဆပလအိမ်ရာ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃၀-၃-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသန့်စင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေသစ္စာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးသန်းအောင်
[B.Com (Q), C.P.A, D.C.Sc]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
U THAN AUNG & ASSOCIATES

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ - ၂၀၈ (င)
(ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)

**Comprehensive Development Education Centre Company Limited**

**Comprehensive Development Education Centre Co., Ltd.** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအားအတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ အမှတ်- အက်စ် - ၇၊ ဒုတိယထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ဂျိုးဖြူလမ်း၊ ဖ. ဆ. ပ. လ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ (၁၇-၃-၂၀၁၇) ရက် နံနက် (၁၀း၀၀) နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်ချိုချိုတိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Comprehensive Development Education Centre
Company Limited

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၄-၂-၂၀၁၇။